ရေတွင်းကုန်းကျေးရွာ

တောင်ဘို့လှကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေတွင်းကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ရေတွင်းကုန်းကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ရေတွင်းကုန်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၈
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၈
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၈
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၉
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၀
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၀
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၀
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၁
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၂
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၂
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၃
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၄
(ဂ) ဦးစားပေး စီမံချက်များ ၂၅
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၇
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၈
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၉
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၉
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၉
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၀
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၁
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၂

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၅
ရည်ညွှန်းချက်များ ၃၆

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၂၆ **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ**

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၃၇

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေတွင်းကုန်းကျေးရွာ
တောင်ဘို့လှကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ရေတွင်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ရေတွင်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ -ရေတွင်းကုန်းကျေးရွာ၊ တောင်ဘို့လှကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင်												
	-$	-$	-$	$$$	$$$	$$$	$$	$$	$$$	$$$	-$	$
			စပါးပျိုး	စပါးစိုက်	စပါးစိုက်	နှမ်း၊ စိုက်			နှမ်း၊ စပါး ရိတ်သိမ်း	ရိတ်သိမ်း		
									[illegible]	[illegible]	[illegible]	
	ရေနည်း	ရေနည်း	သောက်သုံးရေ လုံလောက်	ရေများ ဖုံလုံ	ရေများ ဖုံလုံ	သောက်သုံးရေ လုံလောက်	သောက်သုံးရေ လုံလောက်	သောက်သုံးရေ လုံလောက်	သောက်သုံးရေ လုံလောက်	သောက်သုံးရေ လုံလောက်	သောက်သုံးရေ လုံလောက်	သောက်သုံးရေ လုံလောက်
	ဝက် နာ၊ချက်ပြာ	ဝက် နာ၊ချက်ပြာ	လူ၊ နွား၊ အော ချောင်းဆိုး	မိတ်ဖျား ချွေး၊ဖျား	မိတ်ဖျား ချွေး၊ဖျား ပေါက်						ကြက် လည်ပင်းသိမ်	ကြက် လည်ပင်းသိမ်
သီးနှံပိုးမွှားရောဂါ ကျရောက်မှု			မျိုးပင် ချက်သေပိုး		ခေါင်းဖြတ်ပိုး တောင်းမီးပိုး	ငမြောင် တောင်ပိုး	ခုံဖြတ်ပိုး ဆက်ပိုး					
	နှစ်သစ်ကူးပွဲတော်			သင်္ကန်း ကပ်လှူပွဲ			သက်ကြီးပူဇော်ပွဲ မီးထွန်းပွဲ	ကထိန်ပွဲ				အိုလျှင်ထမင်းပွဲ ကလေးတရားပွဲ
သဘာဝ ဘေးအန္တရာယ်												

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

`ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင် ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ရေတွင်းကုန်း ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ်,၊ တောင်ဘို့လှအုပ်စုတွင် တည်ရှိပါသည်။ကွင်းအမှတ် ၁၂၄၄(က)ကွင်း အတွင်းတည်ရှိပါသည်။ စိုက်ပျိုးရေးကို အခြေခံပြီး လုပ်ကိုင်စားသောက်နေထိုင်သည့်ရွာ ဖြစ် ခြင်းကြောင့် ရွာဘေးပတ်လည်တွင် လယ်ကွင်းများရှိပါသည်။ အာမခံ-ကျိုးတောင် သွားကားလမ်းမ၏ အရှေ့ ဘက်တွင်ကပ်လျက်တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် စိမ်းလန်းသောတောတောင်များရှိပါသည်။ ရွာ၏မြောက်ဘက်တွင် ကျေးရွာ၏အားထားရာဖြစ် သောမက်လင်လျှိုဆည်တည်ရှိပါသည်။ ရွာ ၏ မြေအမျိုးအစားမှာသဲဆန်သောမြေဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ကျေးရွာအနီးတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ မရှိပါ။ကျောက်၊သဲ၊ကျောက်စရစ်တို့အနည်းငယ်ရှိပြီးအသုံးချနိုင်မှုမှာအခက်အခဲများရှိပါသည်။လမ်းခင်းကျင်းကျောက်မြေများရရှိနိုင်ပါသည်။သဘာဝအပင်မျိုးစိတ်များ၊နွားစာ၊ဆေးဘက်ဝင်အပင်များအသင့်အတင့်ရှိပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များရှာနှင့်အနီးတဝိုက်တွင်တွေ့ရှိရန်အခွင့်အလမ်းနည်းပါးပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ရေတွင်းကုန်းကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီးဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၇၆)စုရှိပါသည်။နေထိုင်သူများတွင် ၁နှစ်အောက် နို့စို့အရွယ် ကျား ၅ယောက်၊မ၄ယောက်ရှိပါသည်။ ၁နှစ်မှ၅နှစ်အောက် ကလေးငယ် ကျား၁၈ ယောက်၊ မ၂၀ယောက်ရှိပါသည်။၅နှစ်မှ၁၀နှစ်ထိ မူလတန်းကျောင်းသားအရွယ် ကျား ၁၈ ယောက်၊မ ၃၁ ယောက် ရှိပါသည်။ ၁၀နှစ်မှ၁၅နှစ်အလယ်တန်းကျောင်းသားအရွယ်ကျား၁၀ယောက်။မ၂၈ယောက် ရှိပါသည်။ ၁၅နှစ်မှ၆၅နှစ် အရွယ်အလုပ်လုပ်နိုင်သည့် ကျား၁၁၉၊မ ၁၃၆ ယောက် ရှိပါသည်။၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား ၅၊မ ၇ ယောက်ရှိပါသည်။စုစုပေါင်း ကျား၁၇၅၊ မ ၂၃၆ ယောက် ရှိပြီး ရွာတွင် ကျား၊မ စုစုပေါင်း ၄၁၁ယောက်နေထိုင်ကြပါသည်။နို့စို့အရွယ်ကလေးများအနေဖြင့်ကျန်းမာပြီးသန်စွမ်းကြပါသည်။မူလတန်း၊အလယ်တန်းကျောင်းသားအရွယ်ကလေးများအနေဖြင့်ဆက်လက် ပညာသင်ကြားလျက်ရှိပါသည်။သက်ကြီးရွယ်အိုများလည်းကျန်းမာလျက်ဘာသာရေးလုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွားရေးအခြေအနေနှင့်ဝင်ငွေ။ ။ရေတွင်းကုန်းကျေးရွာတွင်အိမ်ထောင်စု(၇၆)အိမ်ထောင်ရှိသည့်အနက်(၄၂)အိမ်ထောင်စုမှာလယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီးကျန်(၃၂)အိမ်ထောင်စုမှာကျပန်းလုပ်ကိုင်ကြရသည်။ကျေးရွာသည်စိုက်ပျိုးကိုအဓိကထားလုပ်ကိုင်ပြီးလမ္မွေးမြူရေးလုပ်ငန်းကိုတပိုင် တနိုင်တွဲဘက်လုပ်ကိုင်မှုကြောင့် စားဝတ်နေရေးအသင့်အတင့် ဖူလုံသော

အဆင့်တွင် ရှိပါသည်။စိုက်ပျိုးရေးလုပ်ငန်းမှာ မိုးရေကိုသာ အားကိုးပြီး တစ်သီးစားအ ခြေအနေဖြစ်သဖြင့် ဆည်၊မြောင်းများပြုလုပ်၍တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်လျှင်ဖြင့်ဝင်လငွေတိုးတက် လာနိုင်ပါသည်။ မြေပိုင်ယာပိုင်မရှိသူများသည် စပါးရိတ်၊ကောက်စိုက်၊ပျိုးနုတ်၊ အခြားကျပန်း၊ကြုံရာ ကျပန်းရရာ အလုပ်များလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါသည်။ လယ်ယာစိုက်ပျိုးရေးတွင် ကောက်စိုက်ခြင်း၊ ပျိုးနှုတ်ခြင်းလုပ်ငန်းများလုပ်ငန်းများတွင်နေ့စား(ကျား-၊မ) -အများဆုံး (၄၀၀၀)မှ အနည်းဆုံး(၃၀၀၀)ကျပ်နှုန်းဖြင့် တန်းတူရရှိပါသည်။ ဆောက်လုပ်ရေးလုပ်အားခအဖြစ် ကျား(၅၀၀၀မှ၄၀၀၀)နှင့်မ(၃၀၀၀မှ၂၅၀၀၀)သာရရှိပါသည်။လက်သမား၊လက်သမားပန်းရံလုပ်ငန်း များလုပ်ကိုင်ကြပြီးအဆောက်အဦးဆောက်လုပ်လိုသောလုပ်ငန်းရှင်များငှားရမ်းသည့်အခါမှသာလုပ် ကိုင်ကြရသည်ကိုတွေ့ရှိရပါသည်။ကျားနှင့်မလုပ်အားခကွာဟမှု မမြင့်ဟုထင်မြင်သုံးသပ်မိပါသည်။

ကျေးရွာတွင်ဥစ္စာဓနအခြေအနေအရ အဆင်ပြေသော အိမ်ထောင်စု(၃၄)အိမ်၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၃)အိမ်နှင့်မပြေလည်သောအိမ်ထောင်စု(၂၉)အိမ်ထောင်စု ရှိပါ သည်။ဥစ္စာဓနအဆင့်သတ်မှတ်ထားသော်လည်းနေအိမ်အခြေအနေများမှာ သွပ်မိုးပျဉ်ထောင်ဖြစ် ပြီးကျန်နေအိမ်များမှာ ထရံကာအိမ်မျှသာဖြစ်ကြပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ ကျေးရွာတွင် စိုက်ပျိုးမြေ(၁၂.၅)ဧကအထက်ပိုင်ဆိုင်သူ(၃)ဦး၊ (၅-၁၂.၅)ဧ ကကြား ပိုင်ဆိုင်သူ (၂၆)ဦး၊ (၂.၅-၅)ဧကကြားပိုင်ဆိုင်သူ(၇)ဦး၊(၂.၅)ဧကအောက်ပိုင်ဆိုင်သူ(၁၀)ဦး နှင့်ကျန်အိမ်ထောင်စု(၃၀)ဦးမှာ မြေယာမဲ့များဖြစ်ကြပါသည်။ လယ်ယာသုံး စက်ကရိယာများအနေ များအနေဖြင့်လယ်ထွန်စက်ပိုင်ဆိုင်သူ(၅)ဦး၊ ခြွေလှေ့စက်ပိုင်ဆိုင်သူ(၁)ဦး၊ရေစုပ်စက်ပိုင်ဆိုင်သူ(၈) ဦးနှင့်မြက်ရိတ်စက်ပိုင်ဆိုင်သူ(၁၃)ဦးတို့ ဖြစ်ကြပါသည်။

(၈) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု (၂၉)အိမ်ထောင်စုရှိပါသည်။ထိုအိမ်ထောင်စုများအနက် ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူမှုအခြေအ အနေရ ၃လအောက်ဝမ်းစာဖူလုံမှုရှိသောအိမ်(၅)အိမ်၊ ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု (၅) အိမ်ရှိပါသည်။ထိုအိမ်များသည်လယ်ယာမြေ ပိုင်ဆိုင်မှုမရှိ သဖြင့် ဝင်ငွေရသော မည်သည့်အလုပ်မဆို ကြုံရာကျပန်းလုပ်ကိုင်၍အသက်မွေးရပါသည်။၄င်းအိမ်ထောင်စုများအနေဖြင့်အထောက်အပံ့ယူခြင်း၊ ချေးယူခြင်း နှင့်လုပ်အားခကြိုယူဖြင့် ဝမ်းစာကိုဖြည့်တင်းကြပါသည်။ ကျေးရွာတွင် မိသားစု စောင့်ရှောက်မှုမရှိသော(၆၄)နှစ်အထက်သက်ကြီးရွယ်အို ကျား(၁)၊မ(၂)ဦးရှိရာကျေးရွာမှ အထိုက် လျောက် ကူညီပေးကြပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု(၃)ဦး ရှိသော်လည်းမိသားစုမများပါ။အခြားဒေသသို့ကြာမြင့်သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု(၁) သာရှိပါသည်။ ကျေးရွာ၏စားနပ်ရိက္ခာ မဖူလုံမှုမှာအလယ်အလတ်တန်းစားတွင် ရှိပါသည်။ သဘာဝရင်းမြစ်အဖြစ် မြေနှင့်စိုက်ပျိုးရေ ရှားပါးမှုအခြေအနေမှာအသင့်အတင့်ရှိပါသည်။ သစ်တောပြုန်းတီးမှုနည်းပါသည်။ကျေးရွာတွင်ငှက်ဖျားနှင့်တီဘီဖြစ်ပွားသူအနည်းငယ် ရှိပါသည်။ ဆေးစွဲသူအနည်းငယ်ရှိသဖြင့်ကိုယ်ခံအားကျ ဆင်းမှုရောဂါအနည်းငယ်ရှိပါသည်။ မြေယာမဲ့

ဆင်းရဲသားတောင်သူများ၊လက်လုပ်လက်စားများ၊ကျ ပန်းများအနေဖြင့်ထိခိုက်သက်ရောက်မှု အလယ်အလတ်အဆင့်တွင်တည်ရှိပါသည်။

(ဃ) **ပညာရေးနှင့်ကျွမ်းကျင်မှုများ။** ။ရေတွင်းကုန်းကျေးရွာတွင်စာမတတ်သူ အမျိုးသမီး (၆)ဦး ရှိပါသည်။စာတတ်မြောက်မှုအခြေအနေ၏မှာ မူလတန်းအဆင့် ကျား(၁၀၇)၊ မ(၁၂၄)၊ပေါင်း(၂၃၁)ဦး၊ အလယ်တန်းအဆင့် ကျား(၂၇)၊ မ(၄၇)ဦး ပေါင်း (၇၄)ဦး၊အထက်တန်းအဆင့် ကျား(၁၀)၊ မ(၂၀) ပေါင်း(၃၀)ဦး၊တက္ကသိုလ်အဆင့် ကျား(၈)၊ မ(၁၄)ပေါင်း(၂၂)ဦးရှိပါသည်။ ယခုလက်ရှိတွင် မူလတန်းအဆင့်ကျား (၁၈)မ(၃၃)၊ အလယ်တန်းအဆင့် ကျား(၄)မ(၁၈)ဦး၊အထက်တန်းအဆင့် ကျား(၃)မ(၅)ဦး၊ တက္ကသိုလ်/ ကောလိပ်အဆင့် ကျား(၂)မ(၅)ဦး စုစုပေါင်း (၈၈)ဦးပညာသင်ကြား လျက်ရှိပါသည်။ ၊ ရေတွင်းကုန်ကျေးရွာတွင် မူလတန်းအဆင့်စာသင်ကျောင်းရှိပါသည်။ ကျေးရွာနှင့် ၁မိုင်ခန့်အကွာအဝေးတွင်တည်ရှိပါသည်။ကျေးရွာရှိမူလတန်းကျောင်းသူကျောင်းသားများအနေဖြင့်မူ လတန်းအဆင့်ကို မိမိကျေးရွာရှိ မူလတန်းကျောင်းတွင်တက်ရောက်ပညာသင်ကြားကြပြီး အလယ်တန်း အဆင့်ကို (၁)မိုင်ကျော်ခန့်ဝေးသော တောင်ဘို့လှကျေးရွာနှင့်အထက်တန်းအဆင့်ကို တောင်ဘို့လှကျေးရွာရှိ အထက်တန်းကျောင်းသို့ သွားရောက်၍ ပညာသင်ကြားရပါသည်။ ကျွမ်းကျင်မှုများအနေဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကြောင်းပြုသူ တောင်သူပညာ အသင့်အတင့်တတ်မြောက် ကျွမ်းကျင်ကြပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ဤရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုတ်ကွေး ရောဂါ၊ငှက်ဖျားရောဂါနှင့်သွေတိုးရောဂါများမှာရံဖန်ရံခါဖြစ်ပွားလေ့ရှိပြီးဖြစ်ပွားမှုအခြေ အနေသည် သာမာန်မျှသာဖြစ်ပွါးကြောင်းသိရပါသည်။ကျန်ရောဂါများမှာဖြစ်ပွားမှုနည်း၍အာဟာရချို့တဲ့ဖြစ်ပွါးမှု နိမ့် ပါသည်။ရွာသူရွာသားများသည်ကျန်းမာရေးအသိပညာဗဟုသုတနည်းပါးလှပါသည်။ သို့ဖြစ်ပါ ၍ ကျန်းမာရေးဌာနမှ ကျန်းမာရေးဆိုင်ရာအသိပညာဟောပြောပွဲများ ကွင်းဆင်းပြုလုပ်ပေးပါလိုအပ် နေပါသည်။ဤရွာတွင်ကျန်းမာရေးဆရာမမှ အချို့ရောဂါများအတွက် ကာကွယ်ဆေး ထိုးနှံမှုရှိပြီး ၊အချို့ ရောဂါများအတွက်ကာကွယ်ဆေးထိုးနှံမှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အာဟာရပညာ ပေးအစီအစဉ်မရှိပါ။ကျွန်တော်တို့ရွာရှိမွေးကင်းစကလေးများကိုရွာနှင့်၁မိုင်ကျော်အကွာရှိဆေးခင်းခုံ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ကာကွယ်ဆေးများသွားရောက်ထိုးနှံကြပါသည်။ရွာသူ/ရွာသားများ ကျန်းမာရေး၊ ဖျားနာလျှင်ရွာမှ ၁မိုင်ကျော်အကွာရှိဂျိုးတောင်တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသ မှုခံယူကြပါသည်။ ဝန်းသိုမြို့နယ်ဆေးရုံသို့ ၁၀မိုင်ခန့်ဝေးပြီးရွာနှင့်၁၈ မိုင်အကွာရှိကောလင်းမြို့နယ် ဆေးရုံသို့သွားရောက် ၍ကုသကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ကျွန်တော်တို့ရွာတွင် အမျိုးသမီးများ ခေါင်းဆောင်မှုတွင် ပါဝင်မှုမရှိပါ။အမျိုးသမီများသည် သာရေး/နာရေး/ဘာသာရေး ကိစ္စရပ်များတွင် ချက်ပြုတ် ဧည့်ခံ ကျွေးမွေးခြင်း လုပ်ငန်းများ၌ တက်ကြွစွာ ပါဝင် ဆောင်ရွက် လျှက်ရှိပါသည်။ အမျိုးသမီးများသည် သံသယဖြစ်ဖွယ် အကြမ်းဖက်မှု များမတွေ့ရှိရပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ လူထု၏ အသိအမြင်မှာ ထိုက်သင့်သလောက်ရှိပါသည်။လယ်ယာလုပ်

ငန်းခ၌လုပ်အားခအနေဖြင့် ကျားမတန်းတူရရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ဆောက်လုပ်ရေးလုပ်ငန်းတွင်လုပ်အားခအနေဖြင့်လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ ကျားမှာ(၅၀၀၀)ကျပ်မှ(၄၀၀၀)ကျပ် အထိရရှိပြီးပန်းရံလုပ်ငန်းတွင် အမျိုးသမီးများမှာ(၃၀၀၀)မှ(၂၅၀၀)သာရရှိကြပါသည်။ကျေးရွာရှိ အမျိုးသမီးများအနေဖြင့် ဓမ္မစကူးလ်၊ဓမ္မစကြံ့ာ စသည့်ဘာသာရေးအဖွဲ့များ၌ တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။

(၄) ကလ္လာအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန် စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ကျေးရွာတွင်ကျောင်းကော်မတီ၊ဓမ္မစကူး၊ဓမ္မစကြံ့ာ၊ ပြည်သူ့စစ်၊ မီးကော်မတီအဖွဲ့နှင့်ပရဟိတ အဖွဲ့ဟူ၍ အဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ပရဟိတ အဖွဲ့သည် ဘက်ပေါင်းစုံပါဝင်သည့်အဖွဲ့ဖြစ်ပါသည်။ ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီဖြင့် တစ်ရွာလုံးဆောင်ရွက်ကြပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကလ္လာ။ ။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ(၂၄၁.၀၉)ဧက ဖြစ်ပြီး မိုးရေကိုသာလက်ရှိအသုံးပြုရသည့် အတွက် မိုးစပါးကိုသာစိုက်ပျိုးနိုင်ပါသည်။ယာမြေတောင်ယာမြေမှာလည်းကောင်းမွန်မှုနည်းပါးပါသည်။ ချဲ့ထွင်လုပ်ကိုင်နိုင်သော ယာကွက်များမရှိပါ။ လယ်မြေ၊တောင်ယာမြေများစုစုပေါင်းဧက(၃၀၃.၀၉)ဖြစ်ပါသည်။ကျေးရွာတွင်အစိုးရနှင့် ရေအရင်းအမြစ်များမှ ရေသွင်းပေးနိုင်သည့်ဧရိယာများမရှိပါ။ကျေးရွာ၏ရေအရင်းအမြစ်မှာမိုးရေများမှ သာစိုက်ပျိုး၍ရသော မိုးရေခံလယ်များဖြစ်ကြပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကသီးနှံအထွက်နှုန်းမှာ အများဆုံး (၅၀)တင်းဖြစ်ပြီးအနည်းဆုံးမှာ(၂၅)တင်းဖြစ်ပါသည်။ပျမ်း မျှအထွက်နှုန်း မှာ(၄၅)တင်း မျှသာဖြစ်ပါသည်။စိုက်ကာလမှာ)၀ါဆိုလမှ၀ါခေါင်-တော်သလင်းလအထိဖြစ်ပါသည်။ စပါးကိုသာအဓိကထားစိုက်ပျိုးကြပါသည်။ စိုက်ဧကမှာ(၂၄၁)ဧက ဖြစ်ပါသည်။ ရေတွင်းကုန်းကျေးရွာတွင် စိုက်ပျိုးရေးသုံး စက်ကိရိယာအဖြစ် လက်တွန်းထွန်စက်(၅)စီး၊ ခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၈)လုံးနှင့် မြက်ရိတ်စက် (၁၃)လုံးရှိပါသည်။ လယ်ယာသုံး စက်ကိရိယာ များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။ကျေးရွာ၏သဘာဝ ရေမြေရာသီဥတု အနေအထားမှာ သင့်တင့်မျှတပါသည်။လယ်ယာမြေအသုံးချနိုင်မှု အခြေအနေမှာလည်းသင့်တင့်မျှတပါသည်။ စိုက်ပျိုးရေ အရင်းအမြစ် အသင့်အတင့်ရှိပါသည်။ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုရနိုင်ပါသည်။သဘာဝမြေဆွေး၊အော်ဂဲနစ်မြေဩဇာမရနိုင်ပါ။ဓာတုပိုးသတ်ဆေးဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများဝယ်ယူရနိုင်ပါသည်။လုပ်သားများလည်းရနိုင်ပါသည်။နည်းပညာ အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရ ပါ။ သီးနှံများရောင်းချနိုင်ပါသည်။

ရေတွင်းကုန်းကျေးရွာတွင် နွားမွေးမြူသော အိမ်(၃၄အိမ်၊ ကျွဲမွေးမြူသော အိမ်(၁၇)

အိမ်၊မြင်းမွေးမြူသော အိမ်(၁)အိမ်၊ ဝက်မွေးမြူသောအိမ်(၄၂)အိမ်နှင့် ကြက်မွေးမြူသော အိမ်(၄၃)အိမ်ရှိပါသည်။နွားသိုး(၁၅၃)ကောင်၊ကျွဲ (၅၇) ကောင်၊ မြင်း (၁)ကောင် ၊ ဝက် (၁၇၃)ကောင်နှင့် ကြက် (၃၂၇) ကောင်ရှိပါသည်။နွားနှင့်ကျွဲများကို လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် အသုံးပြုရန်မွေးမြူကြပါသည်။ ဝက်နှင့်ကြက်များကိုစားနပ်ရိက္ခာအတွက် တစ်ပိုင်တစ်နိုင် မွေးမြူ ကြပါသည်။ ကျေးရွာတွင်ငါးမွေးမြူ ရေးလုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။

ရေတွင်းကုန်းကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန် အ တွက် အခွင့်အလန်းအနေဖြင့် စားကျက်မြေအသင့်အတင့်ရှိပါသည်။ မွေးမြူရေးအတွက် ရေ အသင့်အတင့်ရနိုင်ပါသည်။မွေးမြူရေးအတွက် သွင်းအားစုများ ဝယ်ယူရနိုင်ပါသည်။မွေးမြူရေး ထုတ်ကုန် များ ရောင်းချနိုင်ပါသည်။မွေးမြူရေးဆောင်ရွက်ရန်အတွက် အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက် မှုရှိပါသည်။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ၍မရနိုင်ခြင်း၊ ချေးငွေလွယ်ကူစွာမရရှိခြင်း၊ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာ ဝန် ဆောင်မှုများ အလွယ်တကူမရနိုင်ခြင်း စသည့်ပြဿနာများရှိပါသည်။

စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် လုပ်သားအင် အားရရှိနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေသင့်တင့်မျှတခြင်း၊ လျှပ်စစ်မီးရရှိခြင်း စသည် အခွင့်အလန်းများရှိပြီး ဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်မရှိခြင်း၊စျေးကွက်ဆိုင်ရာအသိ အမြင်လုံဝနားမလည်ခြင်း၊ ကုန်ကြမ်းမရှိခြင်း၊ ချေးငွေမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနည်း ပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်း၊ အလုပ်အ ကိုင်အခွင့်အလန်းမရှိခြင်း စသည့်ပြဿနာနှင့်အခက်အခဲများရှိပါသည်။ မိုးရာသီတွင်သာ ရေများ ပေါများပါသည်။ စိုက်ပျိုးချိန်တွင်မိုးမရွာခြင်း၊ စိုက်ပျိုးရေမရ ရှိနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရာတွင် အခက်အခဲ များရှိပါသည်။ရွာ၏လယ်မြေများသည် လယ်မြေ ၈က ၁၂၇.၈၈က ရှိပြီးမြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးရေခံလယ် လယ်များဖြစ်ပြီး လယ်မြေ များသည်ရွှံ့စေးဆန်မြေများဖြစ်ကြပါသည်။ မြေလွတ်မြေလပ်မှာ ၀.၅၂ ၈ကရှိပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်မြေများ၏ မြေဆီလွှာ အရည်အသွေး များသည် ရွှံ့စေးမြေဆန်သောမြေဖြစ်ပြီး စိုက်ပျိုး ချိန်ရောက်လျှင် ပတ်ကြားအက်နေသော မြေများသည် မိုးရေစိမ့်ဝင်မှုမလုံလောက်သေးသဖြင့် စိုက်ပျိုးချိန်နောက်ကျခြင်းများ ကြုံတွေ့ နေရပါသည်။ ထို့ပြင်စပါးပင်များတွင်ဖြုတ်ပိုး၊နှံဖြူပိုးများကျခြင်း များကြုံတွေ့ရပါသည်။ သောက်ရေ အနေဖြင့်ကျွန်တော်တို့ရွာတွင်

သောက်သုံးရေတွင်း အိမ်တိုင်းနီးပါးရှိပါသည်။ သို့သော်နွေရာသီတွင် ရေများခန်းခြောက်လေ့ရှိ ပါသည်။ကျောက်ဖျာခံနေသဖြင့်ဆက်တူ၍မရပါ။ရေခန်းချိန်တွင်ရေတွင်း များနေ၍ သုံးလောက် အနေအထား ရှိသည်ကိုတွေ့ရှိရပါသည်။ လယ်မြေနှင့်သဘာဝရေမြေရာသီဥတု အနေအထားမှာ

အသင့်အတင့်ကောင်းမွန်ပါသည်။လယ်ယာမြေအသုံးချနိုင်မှုမှာလယ်ယာမြေဆုံးရှုံးမှုမရှိပါ။စိုက်ပျိုးရေ အရင်းအမြစ်မရှိပါ။ ချောင်းမရှိချောင်း၊ဆည်နှင့်မနီးမိုးရေခံလယ်များဖြစ်သဖြင့်မိုး ရာသီမိုးများမှမိုးရေ ရမှသာစိုက်ပျိုးစိုက်ပျိုးနိုင်ပါသည်။ ချောင်းမြောင်းမရှိသဖြင့်စိုက်ပျိုးရေရှားပါးလှပါသည်။ ရွာနှင့်တစ်မိုင်ခန့်အကွာရှိမှန်ကန်ဆည်ထိရေမြောင်းသွယ်လျှင် စိုက်ပျိုးရေလုံလောက်နိုင်သော အခွင့်အရေးရှိသော်လည်းရွာသားများငွေကြေးမတတ်နိုင်ကြပါ။မှန်ကန်ဆည်သည်လည်းခိုင်ခံ့ ကောင်းမွန်မှုမရှိသေးသောကြောင့်ရေမြောင်းသွယ်လျှင်လည်းရေလုံလောက်စွာမရနိုင်သေးပါ။ရွာ၏အဓိကစိုက်ပျိုးသော သီးနှံမှာ စပါးဖြစ်ပြီး နှမ်းသီးနှံကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ စပါး စိုက်ရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စပါး၊ နှမ်းအထွက်နှုန်းများ လျော့ကျပါသည်။ စိုက် ပျိုးရေးနည်းပညာ အသိမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။မုန့်ညင်းခရမ်း၊သခွားစသော ဟင်းသီးဟင်းရွက်အခင်းများကိုရေတွင်းမှခပ်၍တစ်နှစ်ဦးအနည်းငယ်စိုက်ပျိုးကြသူများလည်းရှိပါသည်။ ဤရွာ၏ လယ်ယာလုပ်ကိုင်ရာတွင် ကိုယ်ပိုင်ကွဲ၊နွားများကိုအသုံးပြုကြပါသည်။နွားများကိုအကောင် ရေ ၁၀ကောင်အထိ မွေးမြူသောသူ ၂ဦး ၃ ဦး ခန့်ရှိပါသည်။ ရွာတွင်လက်တွန်းထွန်စက်(၃)စီးရှိရာ စက်ရှိသူများထံမှ အခကြေးငွေနှင့်ငှါးရမ်း ကြပါသည်။ခြေလှေ့စက်(၂)ဦးရှိပြီး လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းခြေလှေ့စက်များကို လူအနည်းစုသာ ငှါးရန်းအသုံး ပြုနိုင်ကြပါသည်။ အရစ်ကျစနစ် ရှိသော်လည်း လူအချို့သာ ဝယ်ယူနိုင်ကြပါသည်။ မြက်ရိတ် စက်(၄)စင်း ရှိပါသည်။ကျွဲနွားများကိုသာ အဓိကအားထားအသုံးပြုကြပါသည်။ဤရွာ၏လယ်မြေနှင့်သဘာဝရေမြေရာသီဥတုအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာ လယ်ရာမြေဆုံးရှုံးမှုမရှိပါ။ စိုက်ပျိုးရေအရင်းအမြစ်မရှိပါ။မိုးရေခံလယ် များဖြစ်သဖြင့်မိုးရာသီမိုးရေ ရမှသာစိုက်ပျိုးနိုင်ပါသည်။ သီးနှံမျိုးစေ့များကိုမြို့ပေါ်သို့သွာရောက်ဝယ်ယူကြပါသည်။သဘာဝမြေဆွေးနှင်နွာချေးများကိုရွာတွင် အနည်းငယ်သာရရှိနိုင်ပါသည်။ဓါတုပိုး သတ်ဆေး၊ဓါတ်မြေဩဇာဩဇာများကိုရွာတွင် ရောင်းသူ အနည်းငယ် ရှိသဖြင့် အနည်းငယ်ရရှိနိုင်ပါသည်။လိုအပ်လျှင်မြို့သို့သွားရောက်ဝယ်ယူ ကြပါသည်။ စိုက်ပျိုးရေးနည်းပညာ၊ဝန်ဆောင်မှုများလိုအပ်လျှက်ရှိပါသည်။ သီးနှံစျေးကွက်အနေဖြင့် စိုက်ပျိုးရရှိသော သီးနှံများကိုဂျိုးတောင်စျေးသို့ သွားရောက်ရောင်းချကြပါသည်။ ဖျက်ပိုးနှင့် ရောဂါကျရောက်မှုတွင် ပင်စည်ဖျက်၊ရွက်လိပ်ပိုးများ၊ ကြက်သွန်ပိုးများ အများဆုံး ရင်ဆိုင်ကြရပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ဝန်ဆောင်မှုသာရှိပါသည်။ သဘာဝနွားချေး မြေဆွေး နှင့်အော်ဂဲနစ်မြေဩဇာ များလည်းရှိပါသည်။ ပိုးသတ်ဆေးများကိုလည်းဝယ်ယူနိုင်ပါသည်။ စားကျက်မြေများ ၃၄.၉-ရှိ၍ အိမ်ခြံဝင်းအတွင်း မြေနေရာအသင့်အတင့်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးဝန်ဆောင်မှုနှင့် နွေရာသီအထိရေ သိုလှောင်ထားနိုင်သော တာတမံများရှိပါက စီးပွားရေးအဆင်ပြေသော ရွာတစ်ရွာဖြစ်လာနိုင်ပါသည်။ နှစ်စဉ်မိုးဦးနောက်ကျခြင်း၊ မိုးလယ်ခေါင်ခြင်း၊ မိုးနှောင်း စပါးရိတ်သိမ်းချိန်တွင် မိုးများခြင်းတို့ကို ခံစားရပါသည်။ သီးနှံမျိုးစေ့များရရှိနိုင်သော်လည်း လက်လှမ်းမမီခြင်း၊ ငွေအရင်းအနှီးမရှိခြင်းတို့ကြောင့် မိမိတို့စိုက်ပျိုးရရှိလာသောစပါးများကိုသာ မျိုးစပါးအဖြစ်စိုက်ပျိုးကြသောကြောင့် အထွက်နှုန်းလျော့ကျခြင်း၊ စျေးကောင်းမရခြင်းများ ကြုံတွေ့နေရပါသည်။ဓါတုပိုးသတ်ဆေး၊

ဓါတ်မြေဩဇာ နှင့် ဓါတုပိုးသတ်ဆေး သုံးစွဲရန် အသိပညာ အားနည်ခြင်းများ ရင်ဆိုင်နေရပါ သည်။ သီးနှံထွက်ကုန်များ ရောင်းချရာတွင် လမ်းပန်း ဆက်သွယ်ရေးမကောင်းခြင်း၊လမ်းခရီးဝေး ကွာခြင်းကြောင့် အချိန်မှီမရောက်နိုင် စေ့းကောင်းမရပါ။ကျွန်တော်တို့ရွာတွင် မွေးမြူရေး လုပ်ငန်းများကို တစ်ပိုင် တစ်နိုင်သာ မွေးမြူကြပါသည်။ကြွဲ ၊ နွား၊ များကို လယ်ယာလုပ်ငန်း များတွင်ခိုင်းစေရန်အတွက်သာမွေးကြပါသည်။ ကြက်၊ ဝက်၊ များကိုလည်း တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ရွာသူ၊ရွာသားများသည် စီးပွါးဖြစ် မွေးမြူရေးကို စိတ်ပါဝင်စားသူများ ရှိသော်လည်း မွေးမြူရေးအထောက်အကူပြုလုပ်ငန်းများ၊ မွေမြူရေးဆိုင်ရာ နည်းပညာများ ၊ အသိ ပညာများလိုအပ်လျက်ရှိပါသည်။ ကျွန်တော်တို့ရွာတွင် စားကျက်မြေများ အသင့်အတင့်ရှိပါသည်။ ကျွန်တော်တို့၏ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာများ၊ မွေးမြူရေးဝန်ဆောင်မှု ချေးငွေများရရှိလျှင် ကျွန်တော်တို့ ဒေသအတွက် စီးပွါရေး အတော်အသင့် ချောင်လည် လာနိုင်ပါသည်။

(၈) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ရေတွင်းကုန်း ကျေးရွာတွင်လုပ်သားအင်အားရရှိနိုင်မှုအသင့်အတင့်ရှိပါသည်။ လယ်ယာနှင့် သားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များမရှိပါ။ လမ်းပမ်းဆက်သွယ်ရေးအသင့်အတင့် ကောင်းမွန် ပါသည်။ ဤရွာတွင်စေ့းကွက်ဆိုင်ရာ အသိအမြင်များလည်း အားနည်း နေသောကြောင့် အသိပညာပေးရန်လိုအပ်နေပါသည်။ ချေးငွေများမှာ အစိုးရစိုက်ဘဏ် ချေးငွေ တစ်မျိုးတည်းသာ ရှိပြီး ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေများ မရရှိသောကြောင့် အရင်အနှီးချေးငွေများ လိုအပ်နေကြောင်းလေ့လာ တွေ့ရှိရပါသည်။ အသေးစား အလတ်စား စီပွါးရေးဆိုင်ရာဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင်အခြားစီးပွါရေး လုပ်ငန်းရှင်များ မရှိ၍ အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။ ရေတွင်းကုန်းကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း ပြုသူအခြားဝင်ငွေရအလုပ်အကိုင်အဖြစ် နေ့စား ကျပန်းများလုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်း ပြုနေသူများလည်းရှိပါသည်။ အသက်မွေး ဝမ်းကြောင်းပညာရပ်တတ်မြောက်မှုနည်းပါးပါသည်။ ကျွန်တော်တို့ရွာရှိ ကျောင်းပညာရေးသည် မူလတန်းအဆင့်စာသင်ကျောင်းရှိပါသည်။ စာသင်ကျောင်းအတွင်း ပရိဘောဂပစ္စည်းများ လုံလောက်မှုမရှိပါ။ ကျောင်းဆရာဦးရေမှာလည်း(၂)ယောက်သာ ရှိပါသည်။ အလယ်တန်းဆင့် နှင့် အထက်တန်းဆင့်ကို (၂)မိုင်ကျော်ခန့်ရှိဂျိုးတောင် အထက်တန်းကျောင်းသို့လည်းကောင်း၊ (၆)မိုင် (၇)မိုင်ခန့်ကွာဝေးသည့် ဝန်းသိုမြို့သို့လည်းကော်ငးသွားရောက် ပညာသင်ကြပြီး ရွာသားအများစု သည် (၄)တန်း အောင်ပြီးလျှင် ကျောင်းပညာကို ဆက်လက် တက်ရောက်သူ နည်းပါးပါသည်။ ကျောင်းမိဘများ၏ ငွေကြေးအင်အားနှင့် အဆောင်စရိတ် ထမင်းစရိတ် အစရှိသော ကုန်ကျစရိတ်များ မတတ်နိုင်ခြင်း၊အဆင့်မြင့် ကျောင်းသို့ သွားရောက် ပညာသင်ယူရန် ဝေးလံခြင်း တို့ကြောင့် အိမ်၏မိရိုးဖလာစီးပွါရေး လုပ်ငန်း ဖြစ်သည့် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းခွင်များ

တွင်သာ ကူညီလုပ်ကိုင်ရင်း ကုန်ဆုံးရပါသည်။ ရွာတွင်လည်းပညာအလွန်နည်း၍ အသိပညာ၊ အတတ်ပညာနှင့် အသိဉာဏ်ပညာ၊ ဗဟုသုတများ နည်းပါးလှပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် မိုးရာသီ၌ကောက်စိုက်ချိန် နှင့်စပါးရိတ်ချိန် များတွင်သာအလုပ်အကိုင်ရှိကြပါသည်။ ငွေလိုလျှင် စပါး များကိုရောင်းချသုံးစွဲကြသောကြောင့် အိမ်ထောင်စုများသည်နောက်ပိုင်း ဝမ်းစာမရှိသောအချိန် များတွင်စပါးတိုးငွေတိုးများကိုအတိုးဖြင့် ချေးယူစာသုံးကြပါသည်။ဤရွာတွင်မိရိုးဖလာလယ်ယာလုပ်ငန်းအပြင်အခြားအလုပ်အကိုင်အခွင့်အ လမ်းမရှိသောကြောင့်ရွှေ့ပြောင်းသွားလာလုပ်ကိုင်သောအိမ် ထောင်စု ၄၄၃ခိုးရှိပါသည်။ ပြည်တွင်း၌ သာသွားလာလုပ်ကိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် ဝင်ငွေ ရသော အလုပ်လုပ်ကိုင်ရန် အခြားမြို့များသို့သွားရောက် လုပ်ကိုင်ကြပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ကျွန်တော်တို့ရွာနှင့်အနီးဆုံးဈေးမှာရွာနှင့် (၂)မိုင် ကျော်ခန့်အကွာရှိကျိုးတောင်ဈေးသို့သွာရောက်ရောက်ဝယ်ကြပါသည်။သယ်ယူပို့ဆောင်ရေးနည်လမ်း မှာ စက်ဘီး ၊ဆိုင်ကယ်၊တို့ဖြင့်သွားလာကြပါသည်။ ကျိုးတောင်ဈေးတွင် ကုန်စိမ်း၊ကုန်ခြောက်နှင့် မီးဖိုချောင်သုံး ပစ္စည်းများရရှိနိုင်ပါသည်။ ဈေးအခြေခံအဆောက်အဦးမှာ သစ်သားဝါးထရံတို့ဖြင့် တည်ဆောက်ထားပြီး အချိန်ကာလအလွန်ပင်ကြာမြင့်ပြီဖြစ်သဖြင့် ဟောင်းနွမ်း ဆွေးမြေ့နေပါသည်။ သန့်ရှင်းရေးနှင့် ဝန်ဆောင်မှု မှာအလွန်ပင်အားနည်းပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့် ပစ္စည်းများမရနိုင်ပါ။အကြီးစားဈေးမှာကောလင်းဈေးဖြစ်ပါသည်။ကျေးရွာနှင့်မိုင်(၁၈) အကွာအဝေးတွင်တည်ရှိပြီး သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊ သုံးဘီး၊ရထားတို့ဖြင့်သွားလာ ကြပါသည်။ ကောလင်းဈေးတွင် မီးဖိုချောင်သုံးပစ္စည်းနှင့် အိမ်သုံးပစ္စည်း အဝတ်အထည် ဆောက် လုပ်ရေးပစ္စည်းများ ရရှိနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ရွာရှိတောင်သူ လယ်သမားများသည် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလတို ချေးငွေဖြစ်၍တောင်သူများ၏အခက်အခဲကြောင့်အချိန်နောက်ကျမှဆပ်နိုင်ကြပါသည်။ မြန်မာ့စိုက် ပျိုးရေးဘဏ်အတိုးနှုန်းမှာ ပြား(၈၀)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံပစ္စည်း အဖြစ် တင်ပြ နိုင်မှသာချေးယူခွင့်ရရှိသည်။ရရှိလာသော စပါးများသည်မျိုးကောင်း မျိုးသန့် မဟုတ်သဖြင့် အရည် အသွေးမမှီခြင်း၊ ဈေးကောင်းမရခြင်း၊ ရောင်းရငွေပမာဏ နည်းခြင်းတို့ကြုံတွေ့ရပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို အတိုးကြီးပေးကာ ငွေကြေးတတ်နိုင်သူများထံတွင် ကာလတို/ ကာလရှည်ယူကြပါသည်။ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် နေ့စား၊ကျပန်း လုပ်ကိုင် ရသူများမှာ အလွန်ပင်အခက်အခဲဖြစ်ကြရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာ၏ လယ်မြေမြေဆီဩဇာ အခြေအနေမှာအခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ သဘာဝ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကြောင့်မြေဆီဩဇာနှင့် အပင်မျိုးစိတ်များ၊ ဖျက်ပိုးအန္တရာယ်များ

အတွက်အခက်အခဲရှိပါသည်။ ဓါတ်မြေဩဇာသုံးစွဲမှု ရှိသော်လည်းနည်းပညာမသိသောကြောင့် စနစ်တကျသုံးစွဲမှုမရှိသဖြင့် အန္တရာယ်ရှိသောအခြေအနေရှိပါသည်။ သတ္ထုနှင့်အခြားတွင်းထွက် သယံဇာတများလည်းမရှိပါ။ ကျောက်၊သဲ၊အနည်းငယ်ရရှိနိုင်ခြင်း သဘာဝအပင်မျိုးစိတ်များ၊ နွားစာ၊ ဆေးဘက်ဝင်အပင်များအသင့်အတင့်ရှိပြီးအသုံးချနိုင်မှုမရှိပါ။

(၈) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ရေတွင်းကုန်းကျေးရွာတွင် စာမတတ်သူ အမျိုးသမီး(၆)ဦး ရှိပါသည်။ ကျန်ရှိရွာသားများအားလုံးအနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်ကြပြီးကျန်ရှိသူများမှာအထက်တန်းအဆင့်အထိတတ်မြောက်ကြသည်ကိုလေ့လာတွေ့ ရှိရပါသည်။ကျေးရွာမှယခုလက်ရှိပညာသင် ကြားနေသူဦးရေ မူလတန်းကျား(၁၈)၊ မ(၃၃)၊ပေါင်း (၅၁)ယောက်၊ အလယ်တန်းကျား(၄)မ(၁၈)ပေါင်း (၂၂)၊ အထက်တန်းကျား(၃)၊ မ(၅)ပေါင်း (၈)ယောက်၊တက္ကသိုလ်အဆင့်ကျား(၂)၊မ(၅) ပေါင်း(၇)ယောက် ရှိပါသည်။ ရွာရှိ ကျောင်းသား/ သူများ သည်ရွာနှင့်(၂)မိုင်ကျော်ခန့်ကွာဝေးသောဂျိုးတောင် အထက်တန်းကျောင်း သို့သွားရောက်၍ ပညာသင်ကြားရပါသည်။ စာသင်ကျောင်းသို့ စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားရောက်ပညာ သင်ယူကြပါသည်။အချို့မှာမိဘများက ကြိုပို့လုပ်ပေးကြပါသည်။ အချို့ကျောင်းသားများမှာ ဆက်လက်ပညာသင်ယူခြင်းမရှိတော့ပဲကျောင်းထွက်ကြသည်ကများပါသည်။ ရွာသားများ၏ စီးပွါးရေးဝင်ငွေအခြေအနေချို့တဲ့လှပါသည်။ အသိပညာအတတ်ပညာနည်းပါးကြပါသည်။ကျောင်း ပညာတတ်မြောက်သူနည်းနည်းသက့ဲသို့ အသက်ဝမ်းကြောင်းအတတ်ပညာလည်းမသိသလောက် နည်းလှပါသည်။ တချို့မှာ ကျောင်းမပျော်တော့ဘဲ ရွာရှိ အတန်းပညာက ဆက်၍မသင်တော့ပဲ ကွဲ၊ နွားကျောင်း၍ နေကြပါသည်။ ရေတွင်းကုန်း ကျေးရွာရှိရွာသူရွာသားများ၏ ကျန်းမာရေးကို ရွာနှင့်(၂)မိုင်ကျော်အကွာရှိ ဂျိုးတောင်တိုက်နယ် ဆေးရုံသို့သွားရောက် ကုသမှုခံယူကြပါသည်။ ဝန်းသိုမြို့နယ်ဆေးရုံသို့လည်းသွားရောက်ကုသမှုခံယူကြသူများလည်းရှိပါသည်။ ကျွန်တော်တို့ရွာ တွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျွန်တော်တို့ရေတွင်းကုန်းကျေးရွာ တွင် ရေတွင်း(၁၁) တွင်း ရှိပြီး မိုးရာသီ၊ ဆောင်းရာသီများသာရေပေါများ၍ နွေရာသီတွင် ရေတွင်းများခန်း လေ့ရှိပါသည်။ ကျောက်ဖျာခံနေသဖြင့်ဆက်တူး၍မရပါ။ ရေခန်းခါနီတွင် ရေတွင်းအရေအတွက်များ နေသော်လည်းသုံး၍လုံလောက်သောအနေအထားမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ရွာသူ/ သား များအားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြု နေကြပါသည်။

(၈၂) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ကျေးရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက် သွားလာသောလမ်းများသည်မြေသားလမ်းများဖြစ်၍အရည်အသွေးမှာမကောင်းလှပါ။ မိုးရာသီတွင် ရွံ့ထူခြင်း၊ဖွက်ထခြင်းချို့ယွင်လွဲမှားရှိသဖြင့်လမ်းချော်ခြင်း၊ သွားလာရခက်ခြင်းများကြုံတွေ့နေရပါ သည်။ရွာထဲလမ်းများနှင့်အဓိကလမ်းမကြီးသည်လူများ၊ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲ လျက်ရှိပါသည်။ ရွာတွင်လမ်းကိုမြေသားလမ်းမှကျောက်ခင်းလမ်း အဖြစ်ဆောင်ရွက်လိုပါသည်။ ကျေးရွာချင်းဆက်သွယ်ထားသောကျေးရွာခြင်းဆက်လမ်းကိုလည်းကျင်းခင်းလမ်းအဖြစ်ပြုပြင်ပေးစေ

လိုပါသည်။ကျွန်တော်တို့ရွာတွင်ရေပြွန်(၂)ခုသာရှိပါသည်။ ကျွန်တော်တို့ရွာ၏ သယ်ယူ ပို့ဆောင်ရေးစနစ်မှာ ဆိုင်ကယ်နှင့် နွားလှည်းများကိုသာ အများဆုံး အသုံးပြုပါသည်။ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၇၆) စီး၊ စက်ဘီး(၂၆)စီး၊ နွားလှည်း (၂၇)စီးရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် လျှပ်စစ်မီးရှိသောအိမ်ခြေ (၅၀)အိမ်၊ ဆိုလာမီး အသုံးပြုသော အိမ်ထောင်စု(၁၄)အိမ်၊ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်(၂)အိမ်ရှိပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၉၅)လုံး ၊ ရေဒီယို(၂)လုံး၊ တီဗွီ(၄၁) လုံး နှင့် ု စလောင်း(၄၀)လုံး ပိုင်ဆိုင်ကြပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ကျေးရွာတွင် လူငယ်မောင်မယ်များ သည်ရိုးရာဓလေ့ထုံးစံများနှင်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုများပါသည်။ ဘာသာရေးပွဲတော်များ၊ဘာသာရေးလုပ်ငန်းများတွင်အားကျိုးမှန်တက် ဆောင်ရွက်ကြပါသည်။ လူမှုရေး လုပ်ငန်းများတွင်လူငယ်များတက်ကြွစွာပါဝင်ဆောင်ရွက်ကြပါ သည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူ ပစ္စည်းများမရှိပါ၊ လူငယ်များအနားယူအပန်းဖြေစရာပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများ မရှိခြင်း တို့ကြောင့်လူငယ်များလေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအ ရာများအားလုံးမရှိခြင်း ကြောင့် အသိပညာ၊ဗဟုသုတ၊စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ် ဆေးဝါးများကို သုံးစွဲလာကြပြီးရွာသည်မဖွံ့ဖြိုးတော့ပဲဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘများနှင့်အတူစိုက်ပျိုးကြပြီးစားဝတ်နေရေးအတွက်အလုပ်အကိုင်အခွင့်အ လမ်းရှိသော အခြားမြို့များသို့သွားရောက်စီးပွားရှာကြသူများလည်းရှိပါသည်။ ရွာတွင်လက်မှု ပညာတတ်မြောက်သူ နှင့်အသက်မွေးဝမ်းကျောင်းပြုသူရှားပါးသောကြောင့်လူငယ်များပျက်စီးဆုံးရှုံး နေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့်အစိုးရအဖွဲ့အစည်းများမှအသိပညာ၊ အတတ်ပညာ သင်တန်းပို့ချမှုနှင့် အခြား ပန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ကျေးရွာ၏ လုံခြုံရေး အခြေအနေမှာအသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူ အနည်းငယ်ရှိပါသည်။လူကုန်ကူးမှုနှင့်အကြမ်းဖက်လုယက်မှုများမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များ

ကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးအတွက်လယ်ယာမြေများရှိပြီးမြေသြဇာအသင့်အတင့်ကောင်းမွန်ပါသည်။ စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများအသင့်အတင့်ရှိပြီး မွေးမြူရေး တွင်လည်းနွား၊ကြက်၊ဝက်များကိုတိုးချဲ့ မွေးမြူနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေများသည်မိုးရေခံလယ်များဖြစ်သဖြင့် မိုးရေကိုသာမှီခိုအား ထား၍စိုက်ပျိုးနေကြရပါသည်။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေရသော်လည်း နည်းပညာ၊ဗဟုသုတတတ်မြောက်မှုအားနည်းကြပါသည်။မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန်ချေးငွေမရှိပါ။အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့်စိုက်ပျိုးရာသီပြီးချိန်တွင်အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်းနည်းပညာ၊ဗဟုသုတ၊ချေးငွေ၊စျေးကွက်များလက်လှမ်းမမှီကြပါ။ ထို့ပြင် မူးယစ်ဆေးဝါး သုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျှော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

(က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

(က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏**စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်** ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂ ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် ပညာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းများပြုလုပ်ဆောင်ရွက်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက်အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုများချိတ်ဆက်ခြင်းတို့ကိုလုပ်ဆောင်ကြရပါမည်။ထို့အပြင်လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန်စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက်ခြင်း၊စာပေဟောပြောပွဲ၊ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများမိတ်ဆက်ပေးခြင်း၊စာဖတ်ရန်အလေ့အထထွန်းကားရန် အသိပေးနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကိုအဆင့်မြှင့်တင်ခြင်း၊တံတားများတည်ဆောက်ခြင်းများပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး

နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

